# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

May 30 , 2024 | Volume 78, Number 20

၃၀.၅.၂၀၂၄

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၂၃၅၈ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၇၇.၅ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၅၆.၂၁ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၆၇၇.၀ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၉၆.၂ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၈၉.၇၂ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၂၁၈ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၃.၈၉ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၄၆.၆၂ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၇.၃၂၂ ကျပ် |

Source: CBM Rate, etrademyanmar.com

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm

## စိန်တလုံးသရက်သီးဈေးကောင်းရသော်လည်း ပြည်ပသို့ တင်ပို့နိုင်မှုလျော့ကျနေ



ယခုနှစ်သရက်သီးရာသီတွင် အရည်အသွေးကောင်းသရက်သီး ထွက်ရှိမှုလျော့ကျတာကြောင့် ဈေးကောင်းရရှိသော်လည်း ပြည်ပသို့တင်ပို့နိုင်မှုလျော့ကျကြောင်း သရက်သီးတင်ပို့သူများထံက သိရသည်။

ယခုနှစ်သရက်ရာသီတွင် ပြည်တွင်းသရက်သီးထွက်ရှိမှု လျော့ကျသလို ရာသီဥတု ပူပြင်းတာကြောင့်လည်း အသီးအရွယ် ကြီးထွားမှုနည်းတာကြောင့်လည်း ပို့ကုန် အရည်အသွေးကောင်း သရက်သီးတင်ပို့နိုင်မှုလျော့ကျနေခြင်းဖြစ်ကြောင်း၊ ယခင်နှစ်က ပြည်ပသို့ စိန်တလုံးသရက်သီး တန်ချိန် ၅၀ ကျော် တင်ပို့နိုင်ခဲ့သော်လည်း ယခုနှစ်တွင် တန်ချိန် ၂၀ ကျော်သာ တင်ပို့နိုင်ကြောင်း ပြည်တွင်းဈေးကွက်မှာလည်း တန်ချိန် ၁၅ တန်ခန့်သာရောင်းချနိုင်ခဲ့ကြောင်း သဇင်နွယ်သရက်ခြံမှ ခြံမန်နေဂျာ ဦးငွေအောင် ကပြောသည်။

“ဒီနှစ်က အသီးကောင်းရှားတာရယ် ပြည်ပတင်တော့ သင်္ဘောနောက်ကျတာတွေ ရှိတော့ မနှစ်ကထက် တင်ပို့မှုလျော့ကျပါတယ်။ ပြည်တွင်းဈေးမှာ အသီးရှားတော့ မနှစ်ကထက် ဈေးကောင်းရကြပါတယ်။ မနှစ်က ပြည်ပကို တန်ချိန် ၅၀ လောက်ပို့နိုင်ခဲ့ပါတယ်။ ဒီနှစ်တော့ တန်ချိန် ၂၀ ကျော်လောက်သာပို့နိုင်တယ်”ဟု ၎င်းကပြောသည်။

ပြည်ပသို့ စိန်တလုံးသရက်သီးတင်ပို့မှုကို သင်္ဘောတင်နှင့်လေကြောင်းလိုင်းများမှ တင်ပို့မှုရှိသလို နယ်စပ်ကုန်သွယ်မှုမှ တင်ပို့မှုမှာလည်း သယ်ယူစရိတ်မြင့်မားတာကြောင့် တင်ပို့မှုလျော့နေခြင်းဖြစ်သည်။

သို့သော်လည်း သရက်သီးအထွက်နှုန်းကျဆင်းမှုကြောင့် ပြည်တွင်းဈေးကွက်မှာ ၁၆ ကီလိုတစ်ခြင်းလျှင် ကျပ် ၄၅,၀၀၀ မှ ၅၀,၀၀၀ ထိ ဈေးကောင်းရရှိနေခြင်းဖြစ်သည်။

**Source:** မကွေးဂျာနယ်

## ကျောက်ဆည်ခရိုင်၌ နေကြာ (မိုးကြို) သီးနှံစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း



မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၌ စိုက်ပျိုးရေး လုပ်ငန်းကို အဓိကထားလုပ်ကိုင်ကြပြီး သီးနှံမျိုးစုံစိုက်ပျိုးလျက်ရှိရာ ဆီထွက်သီးနှံတစ်မျိုးဖြစ်သော နေကြာကိုသီးညှပ်အဖြစ်လည်းကောင်း၊ သီးသန့်အဖြစ်လည်းကောင်း စိုက်ပျိုးကြကြောင်း၊ နေကြာ(မိုးကြို) စိုက်ပျိုးမှုအနေဖြင့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် နေကြာ (မိုးကြို) ကို စဥ့်ကိုင်မြို့နယ်၌ ၁၅၂၆ ဧက၊ မြစ်သားမြို့နယ်တွင် ၁၅ ဧက၊ စုစုပေါင်း ၁၅၄၁ ဧက စိုက်ပျိုးပြီးဖြစ်ကြောင်း ခရိုင်ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန၏ စာရင်းများအရ သိရသည်။

နေကြာ (မိုးကြို) ကို မတ်လနှင့်ဧပြီလများတွင် စတင်စိုက်ပျိုးကြပြီး ဇွန်လနှင့်ဇူလိုင်လများတွင် ရိတ်သိမ်းကြကြောင်း၊ ယခုနှစ် နေကြာ (မိုးကြို) စိုက်ပျိုးချိန်တွင် မိုးရွာသွန်းမှုမရှိသော်လည်း ဆည်ရေသောက်ရေတင်စနစ်ဖြင့်စိုက်ပျိုးခဲ့ပြီး ကုန်ကျစရိတ် အနေဖြင့် မျိုး၊ သွင်းအားစု၊ လုပ်သားခအပါအဝင် တစ်ဧကလျှင် စုစုပေါင်းငွေကျပ် ၂၈၀,၀၀၀ ကုန်ကြကြောင်း၊ ယခုအချိန်တွင် နေကြာ (မိုးကြို) သီးနှံစိုက်ခြင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း၊ လက်ရှိအချိန်တွင် ဈေးကွက်၌ ယခင်နှစ်ကထွက်ပေါ်ခဲ့သည့် နေကြာသီးနှံအဟောင်းများ အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း၊ နေကြာသီးနှံသည် သက်တမ်းတိုမျိုးဖြစ်ပြီး ကုန်ကျစရိတ်သက်သာပြီး စားသုံးဆီဖူလုံမှုရရှိသည့်အတွက် တောင်သူများအနေဖြင့် အများဆုံး စိုက်ပျိုးသင့်သော သီးနှံတစ်မျိုး ဖြစ်ကြောင်း သိရသည်။

**Source: DOCA (မန္တလေး)**

https://www.commerce.gov.mm/my/article/update-news-loca

## ကြေးနီဝယ်လိုအား စံချိန်တင်အမြင့်ဆုံးမြင့်တက်မည်ဟု ခန့်မှန်းရ

ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်၊ လျှပ်စစ်ကားများနှင့် ဥာဏ်ရည်တုတို့ကြောင့် ကြေးနီဝယ်လိုအားမြင့်တက်ကာ ဈေးနှုန်းများ စံချိန်တင်တက်သွားခဲ့သော်လည်း သတ္တုတူးဖော်ရေးလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှုနည်းပါးလာသဖြင့် လာမည့်နှစ်များတွင် ကြေးနီရောင်းအားကျဆင်းနိုင်ကြောင်း euro newsbusiness သတင်းဌာနက ဖော်ပြထားသည်။

ယခုနှစ်စပိုင်းမှစ၍ ကြေးနီဈေးသည် ၂၉ ရာခိုင်နှုန်းတက်ခဲ့ပြီး ရွှေ၊ ငွေ၊ ကြေးနှင့်အလူမီနီယံကဲ့သို့သော သတ္တုပစ္စည်းများ အဓိကရောင်းဝယ်နိုင်သည့် COMEX ဈေးကွက်တွင် ကြေးနီတစ်ပေါင်လျှင် အမေရိကန် ၅ ဒေါ်လာဈေးပေါက်ကာ ၂၀၂၂ ခုနှစ် မတ်လနောက်ပိုင်းမှစ၍ အမြင့်ဆုံးဈေးအဖြစ် စံချိန်တင်ခဲ့ကြောင်း ဖော်ပြထားသည်။

**ကြေးနီထောက်ပံ့ရေးကွင်းဆက်တွင် တရုတ်နိုင်ငံက အဓိကအခန်းကဏ္ဍမှ ပါဝင်**

ကြေးနီဈေးနှုန်းများ တစ်ရှိန်ထိုးမြင့်တက်လာခဲ့ခြင်းမှာ တရုတ်နိုင်ငံ၏စီးပွားရေး ပြန်လည်နာလန်ထူစေရန်အတွက် ဘဏ္ဍာရေးဝန်ကြီးဌာနက အခြေခံအဆောက်အဦ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၌ ယွမ် ၁ ထရီလီယံတန်ဖိုးရှိ နှစ်ရှည်ငွေချေးစာချုပ်များ ထုတ်ချေးမည်ဖြစ်ကြောင်း ထုတ်ပြန်ခဲ့မှုကြောင့် ဖြစ်သည်။

တရုတ်နိုင်ငံသည် အဓိကကြေးနီရောင်းချသူနှင့်စားသုံးသူဖြစ်ရာ သတ္တုဈေးကွက်ကို ကြိုးကိုင်သူဖြစ်ပြီး ပြီးခဲ့သည့် မတ်လတွင် တရုတ်ကြေးနီအရည်ကျိုစက်ရုံများက ကြေးနီသန့်စင်စရိတ် သိသိသာသာကျဆင်းလာမှုအား တုံ့ပြန်သည့်အနေဖြင့် ထုတ်လုပ်မှုကို ၅ ရာခိုင်နှုန်းမှ ၁၀ ရာခိုင်နှုန်းထိလျှော့ချရန် သဘောတူညီခဲ့ခြင်းကြောင့် တစ်နှစ်အတွင်း မူလကြေးနီဈေးနှုန်း တစ်ပေါင်လျှင် အမေရိကန် ၄ ဒေါ်လာထက် မြင့်တက်ခဲ့ကာ နောက်ပိုင်း အမေရိကန်ဒေါ်လာဈေး ဆက်တိုက်ကျဆင်းမှုကြောင့် ကြေးနီဈေးနှုန်းသည် ၁၄ လတာကာလအတွင်း အမြင့်ဆုံးသို့ ရောက်ရှိခဲ့သည်။ ကြေးနီဈေးတက်လာခြင်းမှာ အဓိကအားဖြင့် ဗဟိုဘဏ်များက တစ်နှစ်ပတ်လုံး အတိုးနှုန်းလျှော့ချပေးမည်ဟု ထင်ကြေးပေးမှုများကြောင့် ငွေချေး၍ရင်းနှီးမြှုပ်နှံခဲ့ခြင်းကြောင့်ဖြစ်ကြောင်း ဖော်ပြထားသည်။

**ဝယ်လိုအားနှင့် ရောင်းလိုအားမညီမျှမှု**

ကြေးနီဈေးနှုန်းသည် သန့်ရှင်းသောစွမ်းအင်အသွင်ကူးပြောင်းမှုကြောင့် ရေရှည်တွင် ဆက်လက်မြင့်တက်နိုင်ကြောင်း၊ ၂၀၃၅ ခုနှစ်တွင် ကြေးနီဝယ်လိုအား နှစ်ဆတိုးလာကာ မက်ထရစ်တန်ချိန် သန်း ၅၀ အထိ ရောက်ရှိနိုင်ကြောင်းနှင့် အမေရိကန်၊ တရုတ်၊ ဥရောပနှင့် အိန္ဒိယတို့မှ ဝယ်လိုအားကောင်းမည်ဟု S & P Global အဖွဲ့အစည်းက ခန့်မှန်းထားသည်။ Statista ၏ အဆိုအရ ကြေးနီသတ္တုထုတ်လုပ်ရေးသည် ၂၀၁၀ ခုနှစ်တွင် မက်ထရစ်တန်ချိန် ၁၆ သန်းမှ ၂၀၂၂ ခုနှစ်တွင် မက်ထရစ်တန်ချိန် ၂၂ သန်းခန့်ထိရှိခဲ့ကြောင်း၊ ယခုအတိုင်း ဆက်လက်ထုတ်လုပ်နိုင်ပါက ကမ္ဘာတစ်ဝန်းထုတ်လုပ်မှုသည် ၂၀၃၆ ခုနှစ်တွင် မက်ထရစ်တန်ချိန် ၃၀ သန်းထိ တိုးတက်ထုတ်လုပ်နိုင်မည်ဟု မျှော်မှန်းရသော်လည်း ဝယ်လိုအားသည် ခန့်မှန်းချက်ထက် သိသိသာသာ ကျဆင်းနိုင်ကြောင်း ဖော်ပြထားသည်။

**ကြေးနီဝယ်လိုအား မြှင့်တင်ပေးမည့် AI**

စွမ်းအင်အသွင်ကူးပြောင်းမှုအပြင် ဉာဏ်ရည်တုနည်းပညာတိုးတက်လာခြင်း အထူးသဖြင့် ဒေတာစင်တာများ တည်ဆောက်မှုတို့ကြောင့် ကြေးနီဝယ်လိုအားကောင်းလျက်ရှိကြောင်း၊ ဉာဏ်ရည်တုနည်းပညာကြောင့် ၂၀၃၀ ခုနှစ်တွင် ကြေးနီဝယ်လိုအား မက်ထရစ်တန်ချိန် ၁ သန်းထိ တိုးမြင့်နိုင်ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြထားသည်။ ထို့ပြင် ရောင်းလိုအား မလုံလောက်မှုနှင့် ဝယ်လိုအား အားကောင်းမှုများကြောင့် ၂၀၂၆ ခုနှစ်တွင် ကြေးနီဈေးနှုန်းသည် တစ်ပေါင်လျှင် အမေရိကန် ၅ ဒသမ ၄၄ ဒေါ်လာအထိ မြင့်တက်လာနိုင်ပြီး လက်ရှိပေါက်ဈေးထက် ၁၁ ရာခိုင်နှုန်း မြင့်တက်သွားနိုင်ကြောင်း အမေရိကန်ဘဏ်က ခန့်မှန်းထားသည်။

တစ်ချိန်တည်းမှာပင် ကြေးနီလုပ်ငန်းသည်လည်း လာမည့်နှစ်တွင် နှေးကွေးသွားနိုင်ဖွယ်ရှိကြောင်း၊ Goldman Sachs ၏ အစီရင်ခံစာအရ သတ္တုတူးဖော်ရေးကုမ္ပဏီများ၏ ၂၀၂၂ ခုနှစ်၊ ရင်းနှီးမြှုပ်နှံမှုသည် ၂၀၁၀ ပြည့်နှစ်၊ အသုံးစရိတ်ထက် ၅၀ ရာခိုင်နှုန်းနီးပါးလျော့နည်းခဲ့ကြောင်း၊ လက်တင်အမေရိကနိုင်ငံများတွင် မကြာခဏဖြစ်ပွားလေ့ရှိသော ကြေးနီသတ္တုတွင်းများ ပျက်စီးမှုများကြောင့် ၂၀၂၄ ခုနှစ်မှစ၍ ကြေးနီထောက်ပံ့မှု လိုအပ်ချက်သည် ပိုမိုကျယ်ပြန့်လာနိုင်ကြောင်း ဖော်ပြထားသည်။

**Source:** https://www.euronews.com/business/

**WTO ဌာနခွဲ**

**ကုန်သွယ်ရေးဦးစီးဌာန**

## ဇွန်လတွင် နိုင်ငံတကာ ကုန်သေတ္တာတင်ယာဉ်သင်္ဘောအစင်း ၅၀ ဝင်ရောက်ဆိုက်ကပ်မည်

ပြည်တွင်းသို့ လာမည့်ဇွန်လတွင် နိုင်ငံတကာ ကုန်သေတ္တာတင်ယာဉ် အစင်း ၅၀ ဝင်ရောက်ဆိုက်ကပ်မည်ဖြစ်ကြောင်း မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ သိရသည်။

ထို့ပြင် ယခုနှစ်၏ ငါးလတာကာလအတွင်း ပြည်တွင်းသို့ နိုင်ငံတကာ ကုန်သေတ္တာတင်ယာဉ် ၂၅၉ စင်း ဝင်ရောက်ဆိုက်ကပ်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။ လအလိုက် ကုန်သေတ္တာတင်ယာဉ်များ ဝင်ရောက်ဆိုက်ကပ်မှုအနေဖြင့် ဇန်နဝါရီလတွင် ၄၉ စင်း၊ ဖေဖော်ဝါရီလတွင် ၅၃ စင်း ၊ မတ်လတွင် ၅၅ စင်း၊ ဧပြီလတွင်လည်း ၅၀ စင်း၊ မေလတွင် ၅၂ စင်း ဝင်ရောက်ဆိုက်ကပ်ခဲ့ကြောင်း သိရသည်။

ပြီးခဲ့သည့် ၂၀၂၃ ခုနှစ် ဇန်နဝါရီမှဒီဇင်ဘာလကုန်ထိ တစ်နှစ်တာကာလအတွင်း ရန်ကုန်ဆိပ်ကမ်းများသို့ နိုင်ငံတကာ သင်္ဘောလိုင်းများမှ ကုန်သေတ္တာတင်သင်္ဘော ၆၄၅ စင်း ဝင်ရောက်ခဲ့ကြောင်းသိရသည်။

ရန်ကုန်ဆိပ်ကမ်းဧရိယာတွင် အပြည်ပြည်ဆိုင်ရာ ရေယာဉ်ကြီးများ ဆိုက်ကပ်နိုင်သည့် ဆိပ်ကမ်းတံတား ၂၇ စင်း၊ ရန်ကုန်သီလဝါအပြင် ဆိပ်ကမ်းဧရိယာတွင် ဆိပ်ကမ်းတံတား ၁၉ စင်း စုစုပေါင်း ၄၆ စင်းဖြင့် ဝန်ဆောင်မှုပေးနေခြင်း ဖြစ်ကြောင်း သိရသည်။ ကုန်သွယ်မှုလုပ်ငန်းများကို ပင်လယ်ရေကြောင်းကုန်သွယ်ရေးလမ်းကြောင်းမှ ပိုမိုဆောင်ရွက်နေပြီး ရန်ကုန်အပြည်ပြည် ဆိုင်ရာဆိပ်ကမ်းများသို့ အပြည်ပြည်ဆိုင်ရာ ကုန်သေတ္တာတင်သင်္ဘောများ လစဉ်ပုံမှန်ဝင်ရောက် ဆိုက်ကပ်လျက်ရှိရာ ပြီးခဲ့သည့် ၂၀၂၂ ခုနှစ်အတွင်းကလည်း နိုင်ငံတကာသင်္ဘောလိုင်းများ၏ ကုန်သေတ္တာတင်သင်္ဘော ၆၄၇ စင်း ဝင်ရောက်ခဲ့ကြောင်းသိရသည်။

ပို့ကုန်များ တိုးမြှင့်တင်ပို့နိုင်ရေးအတွက်လည်းကောင်း၊ ပြည်တွင်းလိုအပ်ချက်အရ သွင်းကုန်များလည်း တိုးမြှင့်တင်သွင်းနိုင်ရန်အတွက်လည်းကောင်း၊ ကုန်သေတ္တာသင်္ဘောလိုင်းအသီးသီးမှ ခရီးစဉ်များပြန်လည်တိုးချဲ့ပြေးဆွဲရန် စီစဉ်ထားရှိကြောင်း သိရသည်။

**Source:** https://www.popularmyanmar.com/?p=160418

## မြန်မာနိုင်ငံက ဧပြီလမှမေလအတွင်း မတ်ပဲတန်ချိန် ၁၄၀,၀၀၀ ကျော်တင်ပို့နိုင်



မြန်မာနိုင်ငံက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ဧပြီလမှ မေလအတွင်း မတ်ပဲတန်ချိန် ၁၄၃,၅၅၉ တင်ပို့နိုင်ခဲ့ပြီး အမေရိကန်ဒေါ်လာ ၁၃၈ သန်းကျော်ရရှိခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက မေ ၂၈ ရက် ထုတ်ပြန်ချက်အရ သိရသည်။ ယခုနှစ် ဧပြီ ၁ ရက်မှ မေ ၁၇ ရက်အထိ မြန်မာနိုင်ငံက ပင်လယ်ရေကြောင်းမှတစ်ဆင့် မတ်ပဲတန်ချိန် ၁၄၃,၄၉၃၊ နယ်စပ်လမ်းကြောင်းမှ ၆၆ တန် အသီးသီးတင်ပို့နိုင်ခဲ့ကြောင်း ဝန်ကြီးဌာန အချက်အလက်များ၌ ဖော်ပြထားသည်။ မြန်မာနိုင်ငံတွင် မတ်ပဲကို အောက်တိုဘာလ၌ စတင်စိုက်ပျိုးပြီး မတ်လမှဧပြီလအတွင်း ရိတ်သိမ်းကြောင်း မြန်မာနိုင်ငံ ပဲမျိုးစုံ၊ ပြောင်းနှင့်နှမ်းကုန်သည်များအသင်းထံမှ သိရသည်။

မြန်မာနိုင်ငံအနေဖြင့် မတ်ပဲကို တရုတ်နိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ စင်ကာပူနိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံ၊ မလေးရှားနိုင်ငံနှင့်အခြားနိုင်ငံများသို့တင်ပို့ကြောင်း အထက်ပါအသင်းထံမှသိရသည်။ ထို့ပြင် မြန်မာနိုင်ငံက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွင်း မတ်ပဲတန်ချိန် ၇၈၃,၈၄၉ တင်ပို့နိုင်ခဲ့ရာ အမေရိကန်ဒေါ်လာ ၇၂၄ ဒသမ ၉ သန်းရရှိခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကိန်းဂဏန်းများအရ သိရသည်။

**Source:** https://xinhuamyanmar.com/news/business/ne-2452913/

https://www.commerce.gov.mm/my/article/update-news-international-trade/%E1%80%80%E1%80%

## ရေဘဝဲပိဿာချိန် ၇၅,၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရ



ရေဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဧပြီလတွင် ရေဘဝဲပိဿာချိန် ၇၅,၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရကြောင်း ဖျာပုံမြို့နယ် ရေထွက်ကုန်ပစ္စည်းများရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဝင်းဝင်းက ပြောပြ၍သိရသည်။

ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မတ်လအတွင်းက ရေဘဝဲပိဿာချိန် ၅၃၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဧပြီလ ၁ ရက်နေ့မှ ၃၀ ရက်နေ့ထိ ရေဘဝဲပိဿာချိန် ၇၅,၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရကြောင်း သိရသည်။

"ဖျာပုံမြို့နယ်ကနေ ရေဘဝဲတွေအပါအဝင် ရေထွက်ကုန်တွေ ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချနေတာ ဖြစ်ပါတယ်။ တင်ပို့ရောင်းချခဲ့တဲ့ ရေထွက်ကုန်တွေထဲမှာ ရေဘဝဲပိဿာချိန် ၇၅,၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ လက်ရှိရန်ကုန်ဈေးကွက်က ရေထွက်ကုန်တွေ အဝယ်လိုက်နေပါတယ်။ တင်ပို့ရောင်းချခဲ့တဲ့ ရေဘဝဲတွေရဲ့ လတ်ဆတ်မှုနဲ့အရွယ်အစား အလေးချိန်အပေါ်မူတည်ပြီး ဈေးအပြောင်းအလဲရှိပါတယ်။ ရေဘဝဲတွေကို လတ်တလောပင်လယ်စာအရောင်းဆိုင်တွေက အဝယ်လိုက်နေတာကြောင့် အခုလိုတင်ပို့အားလည်းတက်လာတာပါ" ဟု ဖျာပုံမြို့နယ် ရေထွက်ကုန်ပစ္စည်းများရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဝင်းဝင်းကပြောပြသည်။

ဖျာပုံမြို့နယ်မှ တင်ပို့ရောင်းချခဲ့သည့် ရေဘဝဲအသေးလက်ရှည် တစ်ကီလိုလျှင် ငွေကျပ် ၂၀,၅၀၀၊ ရေဘဝဲလက်တို တစ်ကီလိုလျှင် ငွေကျပ် ၁၉,၅၀၀ ဈေးပေါက်နေကြောင်း၊ အဆိုပါဒေသမှ ရေဘဝဲများအပြင် အခြားရေထွက်ကုန်များ အရောင်းအဝယ်ကောင်း၊ တင်ပို့အားကောင်းလာသည့်အတွက် ရေလုပ်သားများ၊ တစ်နိုင်တစ်ပိုင်အရောင်းအဝယ်လုပ်ကိုင်သူများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိလာကြောင်းသိရသည်။

**Source:** ရတနာပုံသတင်းစာ

## နှစ်နိုင်ငံအကြား ကုန်ပစ္စည်းချင်း အပြန်အလှန်ဖလှယ်သည့် ကုန်သွယ်မှုစနစ်အရ (EBRE) နှင့် (IBPE) လျှောက်ထားရမည်

ကုန်သွယ်ဖက်နှစ်နိုင်ငံအကြား ကုန်ပစ္စည်းချင်းအပြန်အလှန်ဖလှယ်သည့် ကုန်သွယ်မှုစနစ် (Barter Transaction Arrangement – BTA)အရ ပို့ကုန်တင်ပို့ခြင်းမှ နိုင်ငံခြားငွေပြန် လည်ရရှိမှု ကင်းလွတ်ခွင့်ပုံစံ Export Bill Receivable Exemption (EBRE) နှင့် သွင်းကုန်တန်ဖိုးအတွက် နိုင်ငံခြားငွေပေးချေခြင်းမှ ကင်းလွတ်ခွင့်ပုံစံ Import Bill payment Exemption (IBPE) ပေးပို့ရာတွင် ဆောင်ရွက်ရမည့်အစီအစဉ်ကို ဗဟိုဘဏ်က ထုတ်ပြန်ကြေညာထားသည်။

ကုန်သွယ်ဖက်နှစ်နိုင်ငံအကြား ကုန်ပစ္စည်းချင်းအပြန်အလှန်ဖလှယ်သည့် ကုန်သွယ်မှုစနစ်(Barter Transaction Arrangement – BTA)အရ ပို့ကုန်တင်ပို့ပြီးပါက ပို့ကုန်အတွက် နိုင်ငံခြားငွေပြန်လည်ရရှိမှု ကင်းလွတ်ခွင့် Export Bill Recei vable Exemption (EBRE) ပုံစံ – ပူးတွဲ – ၁ အား အထောက်အထားများနှင့်အတူ ညွှန်ကြားရေးမှူးချုပ်၊ နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဌာနကြီး၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်သို့ လိပ်မူပေးပို့ရမည်ဖြစ်သည်။

ဖော်ပြပါစနစ်အရ သွင်းကုန်တင်သွင်းပြီးပါက သွင်းကုန်တန်ဖိုးအတွက် နိုင်ငံခြားငွေပေးချေခြင်းမှ ကင်းလွတ်ခွင့် Import Bill payment Exemption (IBPE) ပုံစံ– ပူးတွဲ(၂) အား အထောက်အထားများနှင့်အတူ ညွှန်ကြားရေးမှူးချုပ်၊ နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဌာနကြီး၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်သို့ လိပ်မူပေးပို့ရမည် ဖြစ်ကြောင်း ဖော်ပြထားသည်။

ထို့အတူ Allowed Shipment Notification Release Ord er Notification မိတ္တူ ၊ Barter system ဖြင့် ခွင့်ပြုခဲ့သည့် Export/Import License Sale Contract နှင့် အခြားလိုအပ်သည့် အထောက်အထားတို့အား ပူးတွဲတင်ပြရန်ဖြစ်ပြီး အဆိုပါပုံစံအား Email– femd@cbm.gov.mm သို့ပေးပို့ရန်ဖြစ်သည်။

နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဌာနကြီးအနေဖြင့် စာကိုလက်ခံရရှိပါက လက်ခံရရှိကြောင်း (Well Received) ပြန်လည်ပေးပို့မည်ဖြစ်ပြီး Email ပို့ပြီး အလုပ်လုပ်ရက် နောက်တစ်ရက်အထိ လက်ခံရရှိကြောင်း message မရရှိပါက ပေးပို့ခဲ့သည့် နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဌာနကြီး၏ Email မှန်/မမှန်ကို ထပ်မံစစ်ဆေးရန်၊ Email မှန်ပါက ဖုန်း ၀၁–၅၄၃၅၁၁၊ လိုင်းခွဲ ၄၆၁–၄၆၂ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း အသိပေးထားသည်။

**Source:** https://www.popularmyanmar.com/?p=160407

## ဗီယက်နမ်နိုင်ငံသည် နွေရာသီအပန်းဖြေခရီးသွားလိုသည့် ဥရောပခရီးသွားများအတွက် ရေပန်းစားသော နေရာတစ်ခုဖြစ်လာ

ဗီယက်နမ်နိုင်ငံသည် အာရှ၏ ရေပန်းအစားဆုံးခရီးစဉ်များတွင် တတိယနေရာသို့ရောက်ရှိကြောင်း ဒစ်ဂျစ်တယ် ခရီးသွားပလပ်ဖောင်းပေါ်တွင် ရှာဖွေမှုအပေါ် အခြေခံမှုအရသိရသည်။ Agoda April စာရင်းများအရ ဗီယက်နမ်သို့ လာရောက်လည်ပတ်ရန် ရှာဖွေမှု ၆၆ ရာခိုင်နှုန်း တိုးလာခဲ့ပြီးဖြစ်ကြောင်း သိရသည်။

ဗီယက်နမ်နိုင်ငံမှ Agoda ၏ဒါရိုက်တာ Vu Ngoc Lam ဖြစ်သူက နွေရာသီအားလပ်ရက် ခရီးစဉ်အဖြစ် ဗီယက်နမ်နိုင်ငံကို ရွေးချယ်လာကြသည့်အတွက် ရေပန်းအစားဆုံးနေရာဖြစ်လာကြောင်း၊ ပြီးခဲ့သည့်လက ဗီယက်နမ်သို့ ခရီးသွားရှာဖွေမှုအများဆုံး ဥရောပနိုင်ငံများထဲတွင် ပြင်သစ်၊ ဂျာမနီ၊ ယူကေ၊ နယ်သာလန်နှင့်စပိန်တို့ပါဝင်ကြောင်း ပြောကြားခဲ့သည်။

ဗီယက်နမ်တွင် ဥရောပခရီးသွားများ ရှာဖွေမှုအများဆုံးနေရာသုံးခုမှာ တောင်ဘက်ရှိ ဟိုချီမင်းမြို့၊ အလယ်ပိုင်း ကွမ်နမ်ပြည်နယ်ရှိ Hoi An နှင့် Khanh Hoa ပြည်နယ် အလယ်ပိုင်းရှိ Nha Trang တို့ဖြစ်ပြီး နွေရာသီအားလပ်ရက်ကို အပြည့်အဝ

ခံစားလိုသော ခရီးသွားများအတွက် စံပြရွေးချယ်စရာများဖြစ်ကြောင်း သိရသည်။

**Source : Vietnam Plus**

**(စီးပွားရေးသံမှူးဗီယက်နမ်)**

https://myantrade.gov.mm/article/Naypyitawstp_300520241020

## ထိုင်းအစိုးရက ခရီးသွားလုပ်ငန်းပြန်လည်ဦးမော့လာရေးအတွက် ပြည်ပခရီးသည်များကို ရက်ရှည်ဗီဇာဖြင့် ဝင်ခွင့်ပေးရန်စီစဉ်


ခရီးသွားလုပ်ငန်း ပြန်လည်ဦးမော့လာရေးအတွက် ပြည်ပခရီးသည်များ၊ ဘွဲ့လွန်ကျောင်းသားများနှင့် နေရပ်ကွာဝေးလှသည့် အလုပ်သမားများအတွက် ရက်ရှည်ဗီဇာဖြင့် နေထိုင်ခွင့်ပေးရန် ထိုင်းအစိုးရက စီစဉ်ထားကြောင်းသိရသည်။ ထို့ပြင် အငြိမ်းစားဝန်ထမ်းများအတွက်လည်း ဗီဇာခံစားခွင့်များကိုပေးရန် ထိုင်းအစိုးရက စီစဉ်ထားကြောင်း သိရသည်။

လာမည့် ဇွန်လမှစတင်၍ ထိုင်းနိုင်ငံအနေဖြင့် နိုင်ငံပေါင်း ၉၃ နိုင်ငံတို့မှ ခရီးသည်များကို ရက်ပေါင်း ၆၀ သက်တမ်းရှိ ရက်ရှည်ဗီဇာဖြင့် ထိုင်းနိုင်ငံသို့လာရောက်ခွင့်ပေးမည်ဖြစ်ကြောင်း ထိုင်းအစိုးရပြောရေးဆိုခွင့်ရှိသူက ပြောကြားထားသည်။ လက်ရှိအချိန်တွင် ထိုင်းအစိုးရသည် နိုင်ငံပေါင်း ၅၇ နိုင်ငံတို့မှ ခရီးသည်များကိုသာ ရက်ရှည်ဗီဇာဖြင့် ဝင်ရောက်ခွင့်ပေးထားခြင်း ဖြစ်ကြောင်းသိရသည်။

ထိုင်းနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးမှုနှုန်းတုံ့နှေးနေချိန်တွင် ခရီးသွားလုပ်ငန်း အားကောင်းရေးအတွက် ပြည်ပခရီးသည်များနှင့် ဘွဲ့လွန်ကျောင်းသားများကို ရက်ရှည်ဗီဇာခံစားခွင့်ပေးရန် စီစဉ်ထားခြင်းဖြစ်သည်။ ထိုင်းအစိုးရသည် ထိုင်းနိုင်ငံ၌ ဘွဲ့ယူသင်တန်းများတက်ရောက်မည့် ကျောင်းသားများအတွက်လည်း ဗီဇာသက်တမ်းကို တစ်နှစ်ထပ်တိုးပေးရန် စီစဉ်ထားကြောင်း သိရသည်။

**Source:** https://xinhuamyanmar.com/mm-en/ne-2452914/

## STOCK EXCHANGE (30.5.2024)



Market Overview

Grand Total Trading [Total trading (MB) + Total trading (PLB)]

As of - -

| Trading Volume | Trading Value |
|---|---|
| - - (Shares) | - - (MMK) |

Main Board

As of 12:30 pm, 29th May, 2024

Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 11,488 (Shares) | 32,577,000 (MMK) |

| MYANPIX | 380.44 ▲ 1.95 |
|---|---|
| Total Volume (shares) | 11,488 |
| Total Value (MMK) | 33 mil |
| Listed Company | 8 |
| Market Cap. (MMK) | 717,576 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,900 | ▲ 0 |
| MTSH | 00002 | 2,950 | ▲ 0 |
| MCB | 00003 | 8,100 | ▲ 0 |
| FPB | 00004 | 1,650 | ▲ 50 |
| TMH | 00005 | 2,700 | ▲ 0 |
| EFR | 00006 | 1,750 | ▲ 50 |
| AMATA | 00007 | 4,700 | ▲ 0 |
| MAEX | 00008 | 2,350 | ▲ 50 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

## Stock trading data

As of 28th May, 2024

### Total Trading [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 106,572 (Shares) | 222,063,800 (MMK) |

### Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,900 | +200 | +2.30% | 8,600 | 8,900 | 8,600 | 5,994 | 52,066,100 | 33,109,694 | 294,676 |
| MTSH | 00002 | 2,950 | +50 | +1.72% | 2,850 | 2,950 | 2,850 | 7,722 | 22,215,500 | 38,929,150 | 114,841 |
| MCB | 00003 | 8,100 | +100 | +1.25% | 8,100 | 8,100 | 8,100 | 182 | 1,474,200 | 10,400,986 | 84,248 |
| FPB | 00004 | 1,600 | +50 | +3.23% | 1,550 | 1,600 | 1,550 | 2,044 | 3,169,600 | 29,664,613 | 47,463 |
| TMH | 00005 | 2,700 | +0 | +0.00% | 2,700 | 2,700 | 2,700 | 0 | 0 | 12,823,224 | 34,623 |
| EFR | 00006 | 1,700 | +0 | +0.00% | 1,700 | 1,700 | 1,700 | 300 | 510,000 | 19,977,223 | 33,961 |
| AMATA | 00007 | 4,700 | +0 | +0.00% | 4,700 | 4,700 | 4,700 | 1 | 4,700 | 10,497,598 | 49,339 |
| MAEX | 00008 | 2,300 | +0 | +0.00% | 2,300 | 2,300 | 2,300 | 3,485 | 8,015,500 | 23,804,946 | 54,751 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Market summary

## Market summary

As of 28th May, 2024

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 378.49 | +5.88 | +1.58% | 369.82 | 378.49 | 369.82 | 19,728 | 87,455,600 | 8 | 713,902 |

### Index chart

